# **Mirae Myanmar (or) New Way Myanmar Garment ဆန္ဒပြပွဲ**

၂၀၁၈ ခုနှစ်၊ မေလ (၂၂) ရက်

Mirae Myanmar (or) New Way Myanmar Garment အထည်ချုပ်စက်ရုံသည် အမှတ် (၁၈၀/ဃ)၊ ဦးတရုတ်ကြီးလမ်း၊ စက်မှုဇုံ (၄)၊ လှိုင်သာယာမြို့နယ်တွင် တည်ရှိပြီး ကိုရီယားလူမျိုးပိုင် အထည်ချုပ်စက်ရုံဖြစ်ပါသည်။ အလုပ်သမားဦးရေ ၄၅၀ ကျော်ရှိပြီး CTUM နှင့် ချိတ်ဆက်သည့် အခြေခံအလုပ်သမားအဖွဲ့အစည်း ရှိပါသည်။

စက်ရုံတွင်း အလုပ်သမားများသည် မေလဆန်းမှ စတင်၍ မတည်မငြိမ်ဖြစ်လာကြပါသည်။ (၀၅-၀၅-၂၀၁၈) ရက်နေ့ တွင် စက်ရုံပိုင်ရှင်ထံ စာပေးပို့၍ (၀၈-၀၅-၂၀၁၈) နှင့် (၁၁-၀၅-၂၀၁၈) နေ့များတွင် အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဆွေးနွေးညှိနှိုင်းမှုများ ရှိခဲ့ပါသည်။ အလုပ်ရှင်ဘက်မှ ယခုလလယ်တွင် အနည်းဆုံးအခကြေးငွေ သတ်မှတ်ချက် အမိန့်ကြော်ငြာစာ ထွက်မည်ဟု သတင်းများ ကြားသိရကြောင်း၊ ထိုသို့ထွက်ရှိလာပါက သတ်မှတ်ချက်အတိုင်း လိုက်နာမှာဖြစ်ကြောင်း၊ အလုပ်သမားများ၏ အခြား လုပ်ခလစာဇယားတိုင် တောင်းဆိုမှုများကိုလည်း ထည့်သွင်းစဉ်းစားပေးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် (၁၇-၀၅-၂၀၁၈) ရက်နေ့အထိ စောင့်ဆိုင်းပေးကြရန် မေတ္တာရပ်ခံပြောဆိုခဲ့သည်။

သို့သော် အနည်းဆုံးအခကြေးငွေ သတ်မှတ်ချက် အမိန့်ကြော်ငြာစာ ထွက်သည့် ၂၀၁၈ ခုနှစ်၊ မေလ (၁၄) ရက်နေ့မှာပင် အလုပ်သမားများက ထပ်မံညှိနှိုင်းခြင်း မပြုကြတော့ဘဲ အလုပ်သမားဆက်ဆံရေး ဦးစီးဌာန (အလဆ) သို့ စာပို့၍ သပိတ်မှောက်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားခဲ့သည်။ အကြောင်းကြားစာတွင် ၁၈-၀၅-၂၀၁၈ ရက်နေ့မှ စ၍ စက်ရုံခြံဝင်း အတွင်း နေ့တစ်ဆိုင်း (၂၂၅) ဦး နှင့် ညတစ်ဆိုင်း (၂၂၅) ဦး (ကျား - ၂၀၊ မ - ၄၃၀) စုစုပေါင်း ၄၅၀ ဦးတို့ဖြင့် သပိတ် မှောက်မည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။ ထိုပြင် ယင်းအကြောင်းကြားစာပေးပို့သည့် မေလ ၁၄ ရက်နေ့မှာပင် တူညီဝတ်စုံများ စတင်ဝတ်ဆင်၍ လုပ်ငန်းခွင်အတွင်း အလုပ်မပျက် ဆန္ဒပြခဲ့ကြပါသည်။ ကုန်ထုတ်လုပ်မှု သတ်မှတ်စံချိန် မလျော့ကျစေဘဲ ဆန္ဒပြပါမည်ဟု အလုပ်သမား အဖွဲ့အစည်း ခေါင်းဆောင်များက ပြောဆိုခဲ့သော်လည်း (၁၆-၀၅-၂၀၁၈) ရက်နေ့မှစတင်၍ အထည်အရေအတွက် ကျဆင်းကာ ပေါ့ပေါ့ လျော့လျော့ လုပ်ကိုင်လာကြသည်ကို တွေ့ရပါသည်။ အလုပ်ရှင်ဘက်မှ ထိုသို့ မပြုလုပ်ကြရန်နှင့် အလုပ်မပျက် ဆက်လက် လုပ်ကိုင်ပြီး ညှိနှိုင်းမှုများ ဆက်လက်ပြုလုပ်သွားနိုင်ပါသည်ဟု မေတ္တာရပ်ခံပြောဆိုခဲ့သော်လည်း ကုန်ထုတ်လုပ်မှု ဆက်လက် ကျဆင်းခဲ့ပါသည်။ (၁၇-၀၅-၂၀၁၈) ရက်နေ့တွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးရုံး၌ ညှိနှိုင်းခဲ့ရာ နှစ်ကြေး ကိစ္စတွင် ပြေလည်မှုမရခဲ့ပါ။

ဤသို့ဖြင့် အလုပ်သမားများသည် (၁၈-၀၅-၂၀၁၈) ရက်နေ့မှ စတင်ကာ လုပ်ငန်းအားလုံး ရပ်ဆိုင်းပြီး ဆန္ဒပြခဲ့ကြပါသည်။ ထိုကာလအတွင်း အလုပ်ရှင်ဘက်မှ စက်ရုံအတွင်းမှာရော၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးရုံးမှာပါ အကြိမ်ကြိမ် ညှိနှိုင်းခဲ့ပါသော်လည်း ပြေလည်မှုမရခဲ့ပါ။ ဆန္ဒပြပွဲမှာ အကြောင်းကြားစာတွင် ပါသည့်အတိုင်း နေ့တစ်ဆိုင်း၊ ညတစ်ဆိုင်းဖြင့် ဆန္ဒပြခဲ့ကြပါသည်။ စက်ရုံဝန်းအတွင်း စုဝေးဝင်ရောက် နေထိုင် ချက်ပြုတ်စားသောက်နေခဲ့ကြပါသည်။ စက်ရုံဝန်ထမ်းမဟုတ်သူများလည်း ဝင်ရောက်လာခဲ့ပါသည်။ နေ့ပိုင်းတွင်သာမက ညပိုင်းတွင်ပါ အလားတူဝင်ရောက်နေထိုင်ခဲ့ကြခြင်းဖြစ်ပါသည်။

ထိုသို့ ဆန္ဒပြနေစဉ်အတွင်း (၂၁-၀၅-၂၀၁၈) ရက်နေ့တွင် စက်ရုံက ကုန်ချောပစ္စည်းများကို လေကြောင်းဖြင့် တင်ပို့ရန် ကွန်တိန်နာကားဖြင့် သည်ထုတ်ရာ အလုပ်သမားများက ဟန့်တားပိတ်ဆို့ခဲ့ကြပါသည်။ အလုပ်ရှင်ဘက်မှ မြို့နယ်ရဲကင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်ရဲစခန်းများသို့ သွားရောက်တိုင်ကြား အကူအညီတောင်းခံခဲ့ပါသော်လည်း ထိထိရောက်ရောက် ဖျန်ဖြေပေးခြင်း မရှိသောကြောင့် လေကြောင်းဖြင့်ကုန်ပစ္စည်းတင်ပို့ရန် စီစဉ်မှု ပျက်ပြယ်ခဲ့ရပါသည်။ နောက်ဆုံးတွင် ပစ္စည်းများကို ပြန်ချပြီး ငှားထားသည့် ကွန်တိန်နာကားကို ပြန်လွှတ်ခဲ့ရပါသည်။

သို့နှင့် (၂၂-၀၅-၂၀၁၈) ရက်နေ့တွင် အလုပ်ရှင်ဘက်မှ အလုပ်သမားများ၏ တောင်းဆိုချက်အတိုင်း နှစ်ကြေး နှုန်းထားများအား လိုက်လျောပေးခဲ့သဖြင့် ပြေလည်မှု ရခဲ့ပြီး မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးရုံးတွင် နှစ်ဖက် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။ အလုပ်သမားများက ညနေ (၅) နာရီတွင် တဲများကို ဖျက်၍ သပိတ်သိမ်းပေးခဲ့ပါသည်။

သုံးသပ်ချက်
ယင်းဖြစ်စဉ်တွင် စက်ရုံဝန်းအတွင်း နေရာ ညပါ ဝင်ရောက်၍ စုဝေးဆန္ဒပြကြသည့်အပြင် စက်ရုံဝန်ထမ်းမဟုတ်သည့် အပြင်လူများပါ ပါဝင်နေသည်ကို တွေ့ရပါသည်။ စက်ရုံပိုင်ရှင် ပြည်ပနိုင်ငံသားများကလည်း စက်ရုံအတွင်းမှာပင် နေထိုင်ကြ လျှက်ရှိသည့် အခြေအနေတွင် လုံခြုံရေး အထူးစိုးရိမ်ရသည်ဟု သုံးသပ်မိပါသည်။ ထို့အပြင် ညှိနှိုင်းမှုများတွင် အလုပ်ရှင်က လိုက်လျောလိုက်၊ အလုပ်သမားများက ပြေလည်တော့မလိုလိုနှင့် တမျိုးဖြစ်သွားလိုက်၊ ထပ်တိုးတောင်းဆိုလိုက် ဖြစ်နေပြီး ညှိနှိုင်းမှုသဘောမဟုတ်တော့ဘဲ ရသလောက် ညှစ်ယူလိုသည့် အတင်းအကျပ်တောင်းဆိုမှုမျိုး ဖြစ်လာသည်ကို တွေ့ရပါသည်။ အဆိုးဆုံးမှာ ကုန်ချောပစ္စည်းများကို ထွက်ခွင့်မပေးခြင်းသည် ၎င်းတို့၏ တောင်းဆိုမှုကို အလုပ်ရှင်ဘက်မှ လိုက်လျောစေရန် ပစ္စည်းနှင့်တကွ ဥပစာကိုပါ ပြန်ပေးဆွဲခြင်း ဖြစ်ပါသည်။ သက်ဆိုင်ရာ ရုံးဌာနများကလည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်ခြင်း မရှိသည်မှာလည်း ပြည်ပနိုင်ငံသား လုပ်ငန်းရှင်များ၏ အမြင်တွင် အံ့ဩတုန်လှုပ်စရာ ဖြစ်နေပါသည်။

သို့ပါ၍ Mirae Myanmar (or) New Way Myanmar အထည်ချုပ်စက်ရုံ၏ ဆန္ဒပြပွဲဖြစ်စဉ်နှင့် စက်ရုံဘက်မှ သုံးသပ်ချက်ကို သိရှိနိုင်စေရန် လေးစားစွာ ပေးပို့အပ်ပါသည်။